**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၄၈ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၃၁-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ပဆ-၂/လက(DCA)ထွေ(၁၂/၁၃၉)
(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏၂၈-၁၂-၂၀၂၃ရက်စွဲပါ စာအမှတ်၊SSE/NM/၄၆/၂၀၂၃

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ Sriharikota အခြေစိုက် Satish Dhawan Space Centre SHARE အာကာသစခန်းမှ POLAR SATELLITE LAUNCH VEHICLE (PSLV-C58) ဂြိုလ်တုတင်ယာဉ်အား ၁-၁-၂၀၂၄ ရက်နေ့မှ ၃-၁-၂၀၂၄ ရက်နေ့အတွင်း နေ့စဉ်မြန်မာစံတော်ချိန် (၀၈း၃၀)နာရီ မှ (၁၂း၃၀)နာရီအတွင်း သင့်လျော်သည့်ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်းနှင့် ၄-၁-၂၀၂၄ ရက်နေ့ မှ ၂၆-၁-၂၀၂၄ ရက်နေ့အတွင်းကို အရန်ရက်အဖြစ်သတ်မှတ်ထားကြောင်းကို ရည်ညွှန်းချက်(၂)ပါစာဖြင့် ရေကြောင်းသတိပေးချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အိန္ဒိယနိုင်ငံမှ POLAR SATELLITE LAUNCH VEHICLE (PSLV-C58) ပစ်လွှတ်ခြင်းကို ၁-၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၀း၁၀) နာရီတွင် လွှတ်တင်မည်ဖြစ်ကြောင်းနှင့် လွှတ်တင်ရန်အဆင်ပြေမှုမရှိပါက ၂-၁-၂၀၂၄ ရက်နေ့ မှ ၂၆-၁-၂၀၂၄ ရက်နေ့အတွင်းကို အရန်ရက်အဖြစ်သတ်မှတ်ထားကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အန္တရာယ်ရှိသည့် ဇုန် (၅) ခု ပါဝင်ပြီး ဇုန်အမှတ် (၅) မှာ မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

၃။ အန္တရာယ်ဇုန်(၅) ဧရိယာအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည် -

| Point | Latitude(N) | Longitude(E) |
|---|---|---|
| A | 09° 35' | 094° 50' |
| B | 10° 30' | 095° 05' |
| C | 10° 15' | 095° 55' |
| D | 09° 20' | 095° 40' |

၄။ သို့ဖြစ်ပါ၍ ၁-၁-၂၀၂၄ ရက်နေ့မှ ၂၆-၁-၂၀၂၄ ရက်နေ့အတွင်း မြန်မာစံတော်ချိန်(၀၈း၃၀) နာရီမှ (၁၂း၃၀)နာရီအတွင်း အထက်ဖော်ပြပါ အန္တရာယ်ဇုန်(၅) ရေပြင်ယာဥ်အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ် များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များ ၎င်း တည်နေရာ၌ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာ များ ချထားခြင်းမပြုကြပါရန်နှင့် အဆိုပါရေပြင်အနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွား ကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)